ဂျမာအသ်ဖြင့် စုပေါင်းဆောက်တည်သည့်ဆွလာသ်သည်
မိမိအိမ်တွင်လည်းကောင်း၊ ဈေးတွင်လည်းကောင်း
(တစ်ကိုယ်တည်း) ဆောက်တည်သည့် ဆွလာသ်ထက်
အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဂျမာအသ်ဖြင့်
စုပေါင်းဆောက်တည်သည့်ဆွလာသ်သည် မိမိအိမ်တွင်လည်းကောင်း၊ ဈေးတွင်လည်းကောင်း
(တစ်ကိုယ်တည်း) ဆောက်တည်သည့် ဆွလာသ်ထက် အဆပေါင်း နှစ်ဆယ်ကျော် သာပိုမွန်မြတ်သည်။
အဘယ်ကြောင့်ဆိုသော် အသင်တို့အနက် တစ်ဦးတစ်ယောက်သည် ဝုဿွူကို
ကောင်းမွန်ကျနစွာပြုလုပ်မည်။ ထို့နောက် ဆွလာသ်အတွက်သာ ဗလီဝတ်ကျောင်းတော်သို့
လာရောက်ပြီး ဆွလာသ်ဆောက်တည်ရန်သာ ရည်ရွယ်ခဲ့မည်ဆိုလျှင် ဗလီဝတ်ကျောင်းတော်သို့
ဝင်ရောက်သည်အထိ ၎င်းသူ လှမ်းလိုက်သည့် ခြေလှမ်းတိုင်းတွင် အဆင့်အတန်းတစ်ခု
တိုးမြှင့်ပေးခြင်းခံရပြီး ၎င်းထံမှ မကောင်းမှုတစ်ခု ပယ်ဖျက်ပေးခြင်းခံရမည်။
ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်လာသည့်အခါ ဆွလာသ်ဆောက်တည်ရန် စောင့်ဆိုင်းနေသမျှ
ဆွလာသ်ဆောက်တည်သည့် (အကျိုးကုသိုလ်)ထဲတွင် ရှိနေမည်။
၎င်းဆွလာသ်ဆောက်တည်ခဲ့သည့်နေရာတွင် ရှိနေပြီး (မည်သူ့ကိုမျှ) ဒုက္ခမဖြစ်စေသမျှ၊
ဝုဿွူရှိနေသမျှ မလာအိကဟ် ကောင်းကင်တမန်များက အိုအလ္လာဟ်အရှင်မြတ် ၎င်းအား
ကရုဏာထားတော်မူပါ၊ အိုအလ္လာဟ်အရှင်မြတ် ၎င်းအား ခွင့်လွှတ်တော်မူပါ၊
အိုအလ္လာဟ်အရှင်မြတ် ၎င်း၏သောင်ဝ်ဗဟ်အမှားဝန်ချတောင်းပန်မှုကို
လက်ခံတော်မူပါဟု ဆုတောင်းပေးမည်ဖြစ်သည်။
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ
မွတ်စ်လင်မ်တစ်ဦးသည် ဂျမာအသ်ဖြင့် ဆွလာသ်ဆောက်တည်ပါက ထိုဆွလာသ်သည်
မိမိအိမ်တွင်လည်းကောင်း၊ ဈေးတွင်လည်းကောင်း ဆောက်တည်သည့်ဆွလာသ်ထက်
အဆပေါင်းနှစ်ဆယ်ကျော် သာပိုမွန်မြတ်သည်။ ထို့နောက် ကိုယ်တော်က ထိုသို့မွန်မြတ်ရသည့်
အကြောင်းအရင်းကို ရှင်းပြတော်မူသည်။ လူတစ်ဦးသည် ကောင်းမွန်ပြည့်စုံစွာ
ဝုဿွူပြုလုပ်မည်။ ထို့နောက် ဆွလာသ်ဆောက်တည်ရန်အတွက်သာ ရည်ရွယ်၍
ဗလီဝတ်ကျောင်းတော်သို့ ထွက်လာမည်ဆိုလျှင် ၎င်းသူ လှမ်းလိုက်သည့် ခြေလှမ်းတိုင်းတွင်
အဆင့်အတန်းတစ်ခု တိုးမြှင့်ပေးခြင်းခံရပြီး ၎င်းထံမှ မကောင်းမှုတစ်ခု
ပယ်ဖျက်ပေးခြင်းခံရမည်ဖြစ်သည်။ ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ပြီး ဆွလာသ်အတွက်
ထိုင်၍ စောင့်ဆိုင်းနေပါက ထိုသို့စောင့်ဆိုင်းနေသမျှ ကာလပတ်လုံး
ဆွလာသ်၏အကျိုးကုသိုလ်ကို ရရှိမည်ဖြစ်သည်။ ၎င်းနောက် ဆွလာသ်ဆောက်တည်ခဲ့သည့်နေရာ၌ပင်
ရှိနေပြီး ဝုဿွူမပျက်သေးသ၍ လူသားနှင့် မလာအိကဟ်များအတွက် ဒုက္ခရောက်သည့်ကိစ္စကို
မလုပ်သေးသ၍ မလာအိကဟ် ကောင်းကင်တမန်များက အိုအလ္လာဟ်အရှင်မြတ် ၎င်းအား
ကရုဏာထားတော်မူပါ၊ အိုအလ္လာဟ်အရှင်မြတ် ၎င်းအား ခွင့်လွှတ်တော်မူပါ၊
အိုအလ္လာဟ်အရှင်မြတ် ၎င်း၏သောင်ဝ်ဗဟ်အမှားဝန်ချတောင်းပန်မှုကို လက်ခံတော်မူပါဟု

ဆုတောင်းပေးမည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/4566